အောင်ကျော်ဆွေ(သန်လျင်)

# သံယောဇဉ်ချည်နှောင်တောင်းပါမှ

နှင့် သု တ ရ သ ဝ တ္ထု တို များ



## ဂျာမလေးကို ချစ်ရေးဆိုမိကာမှ

ခန္ဓာကိုယ်က လှပကြော့ရှင်းပြီး ကိုယ်သင်းနံ့လေးက မွှေးပျံ့နေတော့လည်း မြင်သူတိုင်း ငေးပြီး စွဲမက်စရာ။ သည် အလှမျိုးက ရှိတော့ ရှိမည်။ သို့သော် ရှားသည် ။ ယင်းသို့သော အလှတရားကို ပိုင်ဆိုင်ထားသူက ဂျာမလေး ခေါ် သင်းလဲ့ညို။ သူ့ကို စားသောက်ဆိုင်ပိုင်ရှင် ကိုယ်တိုင်က မထိရက် မတို့ ရက်။

"မင်းအကြည့်က မျက်စိတွေ ကျွတ်ကျနေဦးမယ် ဇော်လင်းမောင်"

"ငါ့ကိုမပူနဲ့ ။ မင်းသာ ဒီကို ခဏခဏ ရောက်နေတာမဟုတ်လား"

"အေးကွာ မင်းပြောမယ်ဆိုလည်း ပြောချင်စရာပဲ။ ဒီဆိုင်ကိုရောက်တိုင်း သူ့ကို တွေ့ရခဲတယ်ကွ။ တခြားကောင်မလေးတွေလို မဟုတ်ဘူး ။ သူက တကယ်ကို မထင်ရအောင် တည်ငြိမ်တယ်ဆိုတာ မင်းအမြင်ပဲလေ။ သူနဲ့ တွဲပြီး သီချင်း ဆိုချင်တယ်ဆိုရင် ဘုတ်ကင်က ပြည့်နေရောပဲ "

"ဒီလောက်တောင်ပဲလားကွာ၊ ဒါဆိုရင် တစ်ခုခုတော့ သူ့မှာ ထူးခြားနေပြီ"

"မင်းအမြင် မဆိုးဘူး။ သူ့ကို ဘာဖြစ်လို့ ဂျာမလေးလို့ ခေါ်သလဲဆိုတာ မင်းသိလား"

"ဘယ်သိပ့်ါမလဲ အောင်မြင့်ထူးရယ်။ ဒီလောကမှာ က အမည်ရင်း

ဆိုတာ ခပ်ရှားရှားရယ်။ ဘာကြောင့် ဒီလိုခေါ်သလဲ ဆိုတာတော့ ငါသိချင်တယ်။ နာမည်လေးကတော့ မိုက်တယ်"

"သူက ဘွဲ့ရထားတဲ့ ကောင်မလေး။ သူပြုစုဖို့ တာဝန်ယူထားတဲ့ သူဟာ ချမ်းသာတဲ့ လူ မဟုတ်ရင် ဌာနဆိုင်ရာက မန်နေဂျာကြီး တွေပေါ့ကွ။ အဲလိုလူမျိုးတွေအတွက် သီးသန့် မွေးထားတာကွ။ ဒါကြောင့်မို့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ကိုယ်တိုင်က သူ့ကို ဂျာမလေးလို့ ခေါ်ကြတာ၊ သူကလည်း မခေဘူးဟ။ ဘာသာစကား လေးမျိုးတတ်ထားတာ။ ပညာကလည်း မသေးဘူး"

"ဘယ်လို ဘာသာတွလဲ"

"ဗမာ အင်္ဂလိပ် တရုတ်နဲ့ ကုလားဘာသာစကားတွေပေါ့"

"တယ်ဟုတ်ပါလားဟ၊ ငါတောင်အားကျ လာပြီ"

သူတို့ နှစ်ဦးသား တီးတိုးပြောဆိုနေတာကို တွေးမိကာ အတော်ရယ်စရာကောင်းတာက ကိုယ်တိုင်ဖြစ်နေသည် ကို မတွေးမိတာအမှန်။ ဂျာမလေးရဲ့ ထူးခြားချက်ကတော့ လာသမျှလူကို ချိုချိုသာသာနှင့် ပြုံးပန်းများကို ဝေဆာအောင် ပြုံးပြတတ်သလို ဖော်ရွေမှုကလည်း သူ့အရွယ်နှင့်မလိုက်အောင်ကို လိမ္မာပါးနပ်မှုက အပြည့်။

"မယုံရင် ဟိုမှာ ကြည့် သူ့အလှည့်အတွက် ဘုတ်ကင်လုပ်ပြီးသား သူဌေးတစ်ယောက် လာနေပြီ"

"တယ်ဟုတ်ပါလားကွာ။ ဒီလူကြီးရဲ့ ကုသိုလ်ကံတရား ကလည်း ကောင်းလှချည်လား။ အားကျစရာကြီး"

နှစ်ယောက်သား ပြောဆိုနေရင်း ခေတ္တမျှ အရှူးထကာ ကောင်မလေးနားသို့ ထွက်ခွာသွားတော့သည် ။

* * *

(၂)

"တွေ့ပါမြင်ပါများ တော့... ကိုယ့်မှာ ချစ်ကျွမ်းဝင်" ဆိုသည့် သီချင်းလိုပင် ဖြစ်နေရော့လားမသိ။

နောက်သလို ပြောင်သလိုနဲ့ ဒီဆိုင်ကို အမြဲလိုလို ရောက်နေတတ်သော ကျွန်တော့်ကို ဂျာမလေး ကိုယ်တိုင်က သတိထားလာမိသည် ။

သူမရောက်လာသည့်အခါ ကျွန်တော့်ကို ဂရုတစိုက် ပြုံးပြတတ်လာသည် ။ သည် တော့လည်း ကျွန်တော်က သူနှင့် သီချင်းတွဲဆိုနိုင်ရန် ဘုတ်ကင်လုပ်၏။ တစ်နေ့တော့ ကိုယ့်အလှည့် ရောက် လာလေပြီ။ ပျော်လိုက်သည့် ဖြစ်ခြင်း။

"အစ်ကို့ကို ကြည့်ရတာ အရမ်းပျော်နေပုံပဲ၊ ညီမတို့ က ဘဝအတွက် ရင်းပြီး အလုပ်လုပ်ရလို့ ပျော်တာပါ။ ပျော်ပုံချင်းကတော့ တူချင်မှ တူမှာပေါ့နော်"

ဂျာမလေးက ပြောချင်တာပြော။ ဘာမှ မကြားနိုင်တော့သလို သူမပခုံးကို သိုင်းဖက်ကာ ကေတီဗွီ အခန်းထဲသို့ ဝင်သွားတော့သည် ။ အမှန်တကယ်လည်း ပျော်နေသည် ။ ဖိစီးမှု တစ်ခုခုကို လျှော့ချလိုက်ရ သလို မျိုး ခံစားမိခြင်းလည်း ဖြစ်မည်။ ထိုညက သူမကို ဘာတွေပြောခဲ့မှန်း မသိတော့။ နောက်ဆုံး သိလိုက်သည် ကတော့ တက္ကစီကားဖြင့် အခန်းသို့ ပြန်လာတာကိုပဲ သိသည် ။

မနက်လင်းလို့ ရုံးသွားတော့ သတင်းက ရုံးကို ကြိုရောက်နေလေသလား မသိ။ ဂျာကြီးက ခေါ်သည် ဆို၍ အခန်းထဲသို့ ဝင်လိုက်သည် ။ ဂျာကြီးက သူ့ကို ပြုံးပြီး ကြည့်နေသည် ။ တကယ်တော့ ဂျာကြီးက တစ်ခါမှ ပြုံးတဲ့ သူ မဟုတ်။

"ငါ့ညီကို ကြည့်ရတာ အရက်နာ ကျနေသလိုပဲ"

တိုက်ရိုက် မမေးဘဲ သွယ်ဝိုက်ကာပြောမှန်း သိလိုက်သည် ။ အထက်အောက် အရာရှိဖြစ်၍ ထိန်းသိမ်းပြီး မေးပုံရသည် ။

"ဟုတ်ကဲ့အစ်ကို ညက ကျွန်တော် တစ်ယောက်တည်း ကေတီဗွီကို သွားခဲ့ပါတယ်။ စိတ်ပြေ လက်ပျောက်ပါ။ ဒါပေမဲ့ ဟိုရောက်တော့ အပျော်လွန်ပြီး သောက်မိပါတယ်။ နောက်ကို ဆင်ခြင်ပါ့မယ်ဗျာ"

"ကိုယ်က လက်တွဲလာတဲ့ သူတွေထဲမှာ ငါ့ညီကို သဘော အကျဆုံး။ ပွင့်လင်းတယ်။ ရင်ထဲရှိတာကို ထိမ်ချန် မထားတတ်ဘူး။ မောင်ရင့်ရဲ့ တင်ပြချက်တွေကို ကြည့်ရင် သဘောထား မှတ်ချက်က ရှင်းနေအောင် ဖော်ပြတတ်တယ်။ ဝေဖန်သုံးသပ်ချက် တွေမှာ ဘက်မလိုက် တတ်ဘူး လေ"

"ကိုယ့်အထက် အရာရှိကို တင်ပြတဲ့ အခါ ထိမ်ချန်ထားရင် ဆုံးဖြတ်ချက် မှားမှာ စိုးလို့ ပါ"

"အလုပ်မှာ တာဝန်ကျေအောင် လုပ်တတ်သလို ပြင်ပမှာ တော့ သွားမလုပ်မိစေနဲ့ ငါ့ညီ။ အထူးသဖြင့် စားသောက်ဆိုင်တို့ ကေတီဗွီတို့ မှာ ရိုးသားစွာနဲ့ လာတဲ့ လူရှိသလို အခြေအနေကို ကြည့်ပြီး အချိန်လာဖြုန်းတဲ့ သူတွေလည်း ရှိတယ်။ မင်းက သာမန်လူ မဟုတ်ဘူး လေ။ အထင်ကရ စီးပွားရေး လုပ်ငန်းဌာန တစ်ခုရဲ့ အရာရှိငယ် တစ်ယောက်ဆိုတာ မမေ့နဲ့ ။ မတော်လို့ ကိုယ့်လက်အောက် ငယ်သား တစ်ယောက်ယောက်က မြ

င်သွားရင်တောင် ကိုယ့်အပေါ် အထင် အမြင်သေး ခံရတတ်တယ် ငါ့ညီ"

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် ဆင်ခြင်ပါ့မယ်"

"ငါ့ညီကို ယုံပြီးသားပါကွာ။ စေတနာနဲ့ ပြောတာပါ။ သွားနိုင်ပါပြီ"

အခန်းထဲက ထွက်လာမှ စဉ်းစားမိသည် ။ ဘာဖြစ်လို့ များ ဒီသတင်းက သူ့ဆီကို မြန်မြန်ဆန်ဆန် ရောက်သွားတာပါလိမ့်။ သတိထားရတော့မည်။ ရှဲဒိုး လိုက်နေသူ ရှိနေပြီလား။ ဘယ်သူလဲဟု တွေးနေမိလေ၏။

* * *